## ဆီးဆေးဖြူ၏ အနာကျက်စေနိုင်မှု အာနိသင်အား ဓာတ်ခွဲခန်းသုံး ကြွက်ဖြူလေးများပေါ်တွင် စမ်းသပ်ခြင်း သုတေသန

စောမြတ်သွယ်[၁]၊ အောင်ကျော်မင်း[၂]၊ နွယ်နွယ်ထွန်း[၁]၊ မီမီလွင်[၁]၊ ငွေးငွေးကြွယ်[၁]၊ချောစု[၁]၊ ဖြိုးမွန်ဦး[၁]၊ စန်းစန်းရွှေ[၁]၊ လဲ့ယဉ်ဝင်း[၁]

[၁]ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)

[၂]တိုင်းရင်းဆေးတက္ကသိုလ်

ယနေ့ကမ္ဘာပေါ်တွင် ရိုးရာဆေးပင်များအား ဆေးဖက်ဝင်မှု အသုံးပြုမှုသည် တဖြည်း ဖြည်း အသုံးများလျက် ရှိလာပါသည်။ ရှေးခေတ်ဦး အပင်တို့အား ဆေးဝါးအဖြစ်ရှုထောင့် အမျိုးမျိုးမှ အသုံးပြုခဲ့ကြသည်။ အဏုဇီဝပိုးများကြောင့် ဖြစ်သောရောဂါများကိုလည်း ဆေးဖက်ဝင် အပင်များအား အသုံးပြု ကုသခဲ့ကြပါသည်။ အနာတစ်ခု ဖြစ်ပေါ်ပြီးနောက် ထိုအနာ ကျက်နိုင်မှု အစွမ်းသည် အချက်အလက်များစွာပေါ် မူတည်ပါသည်။ ဥပမာ သွေးလှည့်ပတ် စီးဆင်းမှု၊ ရောဂါပိုး ဝင်ရောက်မှု အနာအမျိုးအစားစသည်တို့ ဖြစ်ပါသည်။ ယခုပြုလုပ်သော သုတေသန သည် တိုင်းရင်း ဆေးဖုံအမှတ် (၂၁) ဆီးဆေးဖြူ၏ အနာကျက်စေနိုင်မှု အာနိသင်အားဓာတ်ခွဲ ခန်းသုံး ကြွက်ဖြူလေးများ အသုံးပြု စမ်းသပ်ခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးဖုံအမှတ် (၂၁) ဆီးဆေးဖြူတွင် ပါဝင်သော ပစ္စည်းများမှာ sepiae sulenta (ပင်လယ်ရေမြှုပ်)၊ Algae(ရေညှိ)၊ Cypraea eglantine (ကြွေပုပ်)၊Trigon gegyi (လိပ်ကျောက်ဆူး)၊ *Santalum album* (နံ့သာဖြူ)၊ *pterocapus santalinus* (နံ့သာနီ)၊ *Arundo donax* (အလိုကျူ)၊ Magne-sium silicate, Talc(ကန့်ကူဆံ)၊ Patassium nitrate (ယင်းစိမ်း)၊ Sodium tetraborate (လက်ချား)၊ Ammonium chloride (ဇဝက်သာ)၊Hystrix bengalensis(ဖြူဆူးပြာ)၊ Potassium aluminum sulphate (ကျောက်ချဉ်)၊Goniopora stutchbunyi (ကျောက်စက်)၊ *kaempferia sp.* (ပန်းဥ)နှင့်Calcium carbonate (မြေဖြူ) တို့ဖြစ်ကြပါသည်။ တိုင်းရင်း ဆေးဖုံအမှတ် (၂၁) ဆီးဆေးဖြူအား ရေပြားအနာတွင် အသုံးပြုနိုင်ခြင်း အတွက် စမ်းသပ်ထားသော သုတေသန တစ်စုံ တစ်ရာ မတွေ့ရှိသေး၍ ယခုပြုလုပ် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။